Message Eight

# အရာအားလုံးပါဝင်သော ခရစ်တော်ကို ကောင်းသောမြေအဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း - ကျွန်ုပ်တို့၌ လိုအပ်ရာဘာမျှမရှိရာ မြေ

ဖတ်ရန်ကျမ်း။ ။ ကော၊၁း၁၂။ ၂း၆-၁၅၊ ၁၉။ တရား၊၈း၉။ က၊၁၇း၁။ ဖိ၊၁း၁၉

**I. အဦးဆုံးဖြစ်တော်မူသော၊ အရာအားလုံးပါဝင်သောအရှင်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှုနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အလင်း၌ သန့်ရှင်းသူများ၏ ခွဲဝေပေးထားသော ဝေစုဖြစ်သည် - ကော၊၁း၁၂။**

A. ခွဲဝေထားသော ဝေစုဟူသည်မှာ အမွေ၏ဝေစုကို ရည်ညွှန်းပြီး၊ ယင်းကို ကောင်းသောပြည် ခါနန်မြေအား အစ္စရေးအမျိုးသားတို့ထံ သူတို့၏ အမွေအတွက် ပေးထားရာတွင် ခွဲဝေပေးခြင်းအားဖြင့် ပုံဖော်ပြသထားသည် - ယော၊၁၄း၁။

B. ဓမ္မသစ်ယုံကြည်သူများ၏ ခွဲဝေပေးထားသော ဝေစုမှာ ရုပ်ပိုင်းဆိုင်ရာမြေ မဟုတ်ပါ။ ယင်းသည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော် ဖြစ်သည် - ကော၊၂း၆-၇။ ဂလ၊၃း၁၄။

1. ကောင်းသောမြေ၏ ကြွယ်ဝခြင်းများသည် ကိုယ်တော်၏ ဝိညာဉ်တော်၌ ကိုယ်တော်၏ ယုံကြည်သူများထံ ပေါများကြွယ်ဝသော မစမှုအဖြစ် မတူညီသောသွင်ပြင်များ၌ ခရစ်တော်၏ စစ်၍ မကုန်နိုင်သော ကြွယ်ဝခြင်းများကို ပုံဆောင်သည် - တရား၊၈း၇-၁၀။ ဧ၊၃း၈။ ဖိ၊၁း၁၉။

2. မြေ၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ခရစ်တော်၌ ယုံကြည်သူများသည် ဘုရားသခင်၏အိမ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် တည်ဆောက်ခံရကြသည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၁တိ၊၃း၁၅။ မ၊၁၆း၁၈-၁၉။ ရော၊၁၄း၁၇။

C. ကျွန်ုပ်တို့သည် *အလင်း၌* ရှိရမည်၊ ယင်းမှာ ကောင်းသောမြေအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ဖို့အလို့ငှာ ဖြစ်သည်။ အလင်းသည် ဘုရားသခင်၏ မျက်မှောက်တော်ဖြစ်သည် - ကော၊၁း၁၂။ ၁ပေ၊၂း၉။ ဟေရှာ၊ ၂း၅။ ၁ယော၊၁း၅။

1. ဘုရားသခင်သည် အလင်းဖြစ်တော်မူသည် - အငယ်၊၅။
2. ဘုရားသခင်၏နှုတ်ကပတ်တော်သည် အလင်းဖြစ်သည် - ဆာ၊၁၁၉း၁၀၅၊ ၁၃၀။
3. ခရစ်တော်သည် အလင်းဖြစ်သည် - ယော၊၈း၁၂။ ၉း၅။
4. ခရစ်တော်၏အသက်သည် အလင်းဖြစ်သည် - ၁း၄။
5. ယုံကြည်သူများသည် အလင်းဖြစ်သည် - မ၊၅း၁၄။ ဖိ၊၂း၁၅။

6. အသင်းတော်သည် အလင်းဖြင့် ထွန်းလင်းနေသော မီးခုံတိုင်ဖြစ်သည် - ဗျာ၊၁း၂၀။ ဆာ၊ ၇၃း၁၆-၁၇။

**II. ကောလောသဲ ၂း၆-၇ တွင် ကောင်းသောမြေ၊ ကျွန်ုပ်တို့၌ လိုအပ်ရာဘာမျှမရှိသောမြေ (တရား၊ ၈း၉) အဖြစ် ခရစ်တော်သည် ကြွယ်ဝသောမြေဆီဖြစ်ကာ၊ ယင်း၌ ကျွန်ုပ်တို့သည် အမြစ်စွဲခြင်း ရှိကြ၍၊ မြေဆီမှ ကျွန်ုပ်တို့စုပ်ယူသော ဒြပ်သဘာဝများဖြင့် ကျွန်ုပ်တို့ကြီးထွားခြင်း ရှိကြသည် (၈၊ ၃း၁၇ခ)။**

A. ဘုရားသခင်သည် စစ်မှန်သော လယ်သမားဖြစ်ပြီး၊ ကိုယ်တော်၏ လုပ်ဖော်ဆောင်ဖက်များမှ တစ်ဦးဖြစ်သည် (၁ကော၊၃း၆-၉။ ၂ကော၊၆း၁က)။ ပေါလုသည် ယုံကြည်သူများကို မြေဆီဖြစ်သော ခရစ်တော်အထဲသို့ စိုက်ပျိုးခဲ့သည်။

B. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ခရစ်တော်ကို စုပ်ယူရန် အချိန်ယူရမည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်အထဲသို့ စိုက်ပျိုးခံရကြပြီဖြစ်သည်။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောမြေ အဖြစ် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန် အချိန်ယူရမည်၊ သို့မှသာ ကြွယ်ဝသောမြေဆီ အဖြစ် ခရစ်တော်၏ ဒြပ်သဘာဝများအားလုံးသည် ကျွန်ုပ်တို့အထဲသို့ စုပ်ယူခြင်းရှိမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပြည့်ဝခြင်း ရှိနိုင်မည်ဖြစ်သည် - ကော၊၂း၁၀က။ ၄း၂။

1. ကျွန်ုပ်တို့သည် မြေဆီအဖြစ် ခရစ်တော်၏ ကြွယ်ဝခြင်းများကို စုပ်ယူရရှိလိုလျှင် ကျွန်ုပ်တို့၌ နူးညံ့သော၊ သစ်လွင်သော အမြစ်များ ရှိရန် လိုအပ်သည် - ၂ဘုရင်၊၁၉း၃၀။ ဟေရှာ၊ ၃၇း၃၁။ ယေ၊၁၇း၇-၈။ ညွှန်း၊ မာ၊၄း၁၆-၁၇။ ၂ကော၊၄း၁၆။

2. ကျွန်ုပ်တို့သည် မိမိတို့၏အခြေအနေ၊ မိမိတို့၏အနေအထား၊ မိမိတို့၏ကျရှုံးမှုများနှင့် မိမိတို့၏အားနည်းချက်များကို မေ့ထားကာ၊ သခင်ဘုရားကို စုပ်ယူရန် အချိန်ယူခြင်းသာ ရှိဖို့လိုအပ်သည်။ ကိုယ်တော်ကို စုပ်ယူရန် အချိန်ယူသည်နှင့်အမျှ ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့၌ ဘုရားသခင်၏ကြီးထွားခြင်းနှင့် အတူ ကြီးထွားခြင်းရှိကြသည် - လု၊၈း၁၃။ မ၊၁၄း၂၂-၂၃။ ၆း၆။ ကော၊၂း၇ခ၊ ၁၉။

C. သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့ဆက်သွယ်ခြင်းသည် အလောတကြီး မဖြစ်သင့်ပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စုပ်ယူရန် သခင်ဘုရား၏မျက်မှောက်တော်၌ နေခြင်းငှာ မိမိတို့၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို စုပ်ယူရန် - ကိုယ်တော်ကို နှစ်သက်မြတ်နိုးရန်၊ ကိုယ်တော်ကို ချီးမွမ်းရန်၊ ကိုယ်တော်ထံ ကျေးဇူးတင်ခြင်းပူဇော်ရန်၊ ကိုယ်တော်ကို လွတ်လပ်စွာ စကားပြောရန် - အချိန်ပို၍ ယူရမည်ဖြစ်သည် - ဆာ၊၂၇း၄။ ထွ၊၃၃း၁၁၊ ၁၄။ မ၊၆း၆။ ၁၄း၂၂-၂၃။ မာ၊ ၁း၃၅။ ညွှန်း၊ ဧ၊၄း၂၀-၂၁။

D. ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် ကျွန်ုပ်တို့အတွင်း၌ အလွန် အတွင်းပိုင်းကျကျ နည်းလမ်း၌ ဘုရားသခင်၏ ကြီးထွားခြင်း၊ ဘုရားသခင်၏ တိုးပွားခြင်းအပေါ် မူတည်သည်။ ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ဘုရားသခင်၏တည်ဆောက်ခြင်း ကြီးထွားခြင်းဖြစ်သည်။ အသင်း

တော်၏ အမှန်တကယ် တည်ဆောက်ခြင်းမှာ ယုံကြည်သူများ၏ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည် - ကော၊၂း၁၉။ ဧ၊၂း၂၀-၂၂။ ၄း၁၆။

**III. ကောလောသဲ ၂း၈-၁၅ တွင် ကျွန်ုပ်တို့၌ လိုအပ်ရာဘာမျှမရှိရာ မြေဆီအဖြစ် ခရစ်တော်၏ ပြည့်စုံသော ရှင်းလင်းဖော်ပြချက်နှင့် အနက်ဖွင့်ဆိုချက်ကို တင်ဆက်ပြသထားသည်။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောမြေအဖြစ် ကိုယ်တော်ကို စုပ်ယူရန် အချိန်ယူခြင်းရှိသည်နှင့်အမျှ ဤကျမ်းပိုဒ်များရှိ အကြောင်းရင်းမှန်များသည် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှု ဖြစ်လာသည်။ အကြောင်းရင်းမှန်များသည် ခရစ်တော်၌ဖြစ်ပြီး၊ တွေ့ကြုံခံစားမှုသည် ခရစ်တော်အားဖြင့်၊ ခရစ်တော်နှင့်အတူ ဖြစ်သည်။**

A. မြေဆီအဖြစ် ခရစ်တော်သည် ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအားလုံး ကိုယ်ထင်ရှားကိန်းဝပ်ရာ အရှင်ဖြစ်သည် - အငယ်၊၉။
   1. *ပြည့်ဝပြည့်စုံခြင်း* မှာ ဘုရားသခင်၏ ကြွယ်ဝခြင်းများကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင့်ကြွယ်ဝခြင်းများ၏ ထင်ရှားခြင်းကို ရည်ညွှန်းသည်။ ခရစ်တော်၌ ကိန်းဝပ်သည့်အရာမှာ ဘုရားဇာတိအဖြစ်တော်၏ ကြွယ်ဝခြင်းများသာမက၊ ဘုရားသခင်ဖြစ်တော်မူသောအရာ၏ ကြွယ်ဝခြင်းများ ထင်ရှားခြင်းလည်း ဖြစ်သည် - အငယ်၊၉။ ၁း၁၅၊ ၁၈။ ၃း၁၀-၁၁။
   2. ကျွန်ုပ်တို့သည် မြေဆီအဖြစ် ခရစ်တော်၌ အမြစ်စွဲသောအခါ၊ ကိုယ်တော်၌ ပြည့်ဝစေခြင်းခံရကြသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ထင်ရှားခြင်း ဖြစ်လာရန် ဘုရားဆိုင်ရာကြွယ်ဝခြင်းများအားလုံးဖြင့် ဖြည့်ခြင်းခံရကြသည် - ဧ၊၃း၈၊ ၁၉။
   3. မြေဆီအဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့သည် ဖြည့်ခံရခြင်း၊ ပြည့်စုံခြင်း၊ စုံလင်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းနှင့် အကုန်အစင် မစခံရခြင်း ရှိကြသည်။ ကျွန်ုပ်တို့၌ ဘာမျှမလိုတော့ပါ - ညွှန်း၊ ဖိ၊၁း၁၉။

B. မြေဆီအဖြစ် ခရစ်တော်သည် အုပ်စိုးခြင်းနှင့် အခွင့်အာဏာအားလုံး၏ ဦးခေါင်းတော်ဖြစ်သည် - ကော၊၂း၁၀။

C. မြေဆီအဖြစ် ခရစ်တော်၌ သေစေသောတန်ခိုးရှိပြီး၊ ယင်းမှာ အသွေးအသားကို သေစေခြင်းဖြစ်သည် - အငယ်၊၁၁။

D. မြေဆီအဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့ကို မြှုပ်နှံခြင်းခံရစေသော ဒြပ်သဘာဝရှိသည် - အငယ်၊၁၂က။

E. မြေဆီအဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့ကို ထမြောက်ခြင်းရှိစေသော ဒြပ်သဘာဝရှိသည် - အငယ်၊၁၂ခ။

F. မြေဆီအဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့ကို သစ်လွင်ရှင်သန်စေသော ဒြပ်သဘာဝရှိသည် - အငယ်၊၁၃။

G. မြေဆီအဖြစ် ခရစ်တော်၌ ဝိနည်းအထုံးအဖွဲ့၌ရှိသော လက်မှတ်ကို ချေဖျက်ခြင်း ရှိသည် - အငယ်၊၁၄။

H. မြေဆီအဖြစ် ခရစ်တော်၌ လေထဲရှိ ဝိညာဉ်ဆိုးများအပေါ် အောင်ပွဲခံခြင်း ရှိသည် - အငယ်၊၁၅။

**IV. ထိုမျှမက မြေဆီအဖြစ် ခရစ်တော်၌ ကိုယ်တော်၏ပုဂ္ဂိုလ်တော်နှင့် ဖြစ်စဉ်များ၏ ကြွယ်ဝခြင်းများ အားလုံးနှင့်အတူ ဘုရားသခင် ၏သမိုင်းကြောင်းနှင့် နက်နဲခြင်း ရှိသည် - အငယ်၊၂။**

A. ခရစ်တော်သည် ဘုရားသခင်ဖြစ်သည် - ယော၊၁း၁။ ၂၀း၂၈-၂၉။ ဟေရှာ၊၉း၆။ ယော၊၁၄း၉-၁၀။ ၂ကော၊၃း၁၇။ ၁ကော၊ ၁၅း၄၅ခ။ တ၊၂း၃၆။

B. ခရစ်တော်သည် လူဖြစ်သည် - ၁တိ၊၂း၅။

1. ကိုယ်တော်သည် တမန်တော်ဖြစ်သည် - ဟေဗြဲ၊၃း၁။
2. ကိုယ်တော်သည် ပရောဖက်ဖြစ်သည် - တ၊၃း၂၂-၂၃။
3. ကိုယ်တော်သည် တိုင်ပင်ဖက်ဖြစ်သည် - ဟေရှာ၊၉း၆။
4. ကိုယ်တော်သည် သွန်သင်သူဖြစ်သည် - မ၊၂၃း၈၊ ၁၀။
5. ကိုယ်တော်သည် ဦးဆောင်သူဖြစ်သည် - ဟေဗြဲ၊၂း၁၀။
6. ကိုယ်တော်သည် အရှင်သခင်ဖြစ်သည် - လု၊၅း၅။
7. ကိုယ်တော်သည် ကျွန်ဖြစ်သည် - ဟေရှာ၊၄၂း၁။
8. ကိုယ်တော်သည် သိုးထိန်းဖြစ်သည် - ယော၊၁၀း၁၁။
9. ကိုယ်တော်သည် သက်သေဖြစ်သည် - ဗျာ၊၁း၅။
10. ကိုယ်တော်သည် ယဇ်ပုရောဟိတ်ဖြစ်သည် - ဟေဗြဲ၊၇း၂၅-၂၆။
11. ကိုယ်တော်သည် ကြားဝင်ဖြန်ဖြေသူဖြစ်သည် - ၈း၆။
12. ကိုယ်တော်သည် အာမခံဖြစ်သည် - ၇း၂၂။
13. ကိုယ်တော်သည် ရှင်ဘုရင်ဖြစ်သည် - မ၊၂း၂။
14. ကိုယ်တော်သည် သတို့သားဖြစ်သည် - ယော၊၃း၂၉။ ၂ကော၊၁၁း၂။

C. ခရစ်တော်သည် ကျွန်ုပ်တို့၏ လိုအပ်မှုများ ဖြစ်သည် - ယော၊၁၄း၆။

1. ကိုယ်တော်သည် ကျွန်ုပ်တို့၏အလင်းဖြစ်သည် - ၈း၁၂။
2. ကိုယ်တော်သည် ကျွန်ုပ်တို့၏လေဖြစ်သည် - ၂၀း၂၂။
3. ကိုယ်တော်သည် ကျွန်ုပ်တို့၏ ရေဖြစ်သည် - ၄း၁၄။
4. ကိုယ်တော်သည် ကျွန်ုပ်တို့၏ အစာဖြစ်သည် - ၆း၃၅။
5. ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝတ်စရာဖြစ်သည် - ဂလ၊၃း၂၇။
6. ကိုယ်တော်သည် ကျွန်ုပ်တို့ နေစရာနေရာ ဖြစ်သည် - ယော၊၁၅း၅။
7. ကိုယ်တော်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ရာနှင့် နားခိုရာဖြစ်သည် - ကော၊၂း၁၆-၁၇။ မ၊၁၁း၂၈။

D. ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုရားဆိုင်ရာ မစမှုဖြစ်သည် - ၁ကော၊၁း၃၀။

1. ကိုယ်တော်သည် ကျွန်ုပ်တို့၏တန်ခိုးဖြစ်သည် - အငယ်၊၂၄ခ။
2. ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဉာဏ်ပညာဖြစ်သည် - အငယ်၊၂၄ခ၊ ၃၀ခ။
3. ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ်သည် - အငယ်၊၃၀ခ။
4. ကိုယ်တော်သည် ကျွန်ုပ်တို့၏ သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည် - အငယ်၊၃၀ခ။
5. ကိုယ်တော်သည် ကျွန်ုပ်တို့၏ ရွေးနုတ်ခြင်းဖြစ်သည် - အငယ်၊၃၀ခ။

E. ခရစ်တော်သည် အသင်းတော်ထံသို့ -

1. ကိုယ်တော်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သည် - ကော၊၁း၁၈။
2. ကိုယ်တော်သည် ဦးခေါင်းတော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည် - ၁ကော၊၁၂း၁၂။
3. ကိုယ်တော်သည် အသင်းတော်၏ တိုက်မြစ်ဖြစ်သည် - ၃း၁၁။
4. ကိုယ်တော်သည် အသင်းတော်ဖြစ်သည့် ဘုရားသခင့်အိမ်တော်၏ တိုက်ထောင့်ကျောက်ဖြစ်သည် - ဧ၊၂း၂၀။
5. ကိုယ်တော်သည် လူသစ်၏ အင်္ဂါဝင်များအားလုံးဖြစ်သည် - ကော၊၃း၁၀-၁၁။

**V. ကျွန်ုပ်တို့၏ ခွဲဝေထားသော ဝေစု၊ ကျွန်ုပ်တို့၌လိုအပ်ရာဘာမျှမရှိသည့် စစ်၍မကုန်နိုင်အောင် ကြွယ်ဝသော ကောင်းသောမြေအဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ အရာအားလုံး လုံလောက် ပြည့်စုံသော ဘုရားသခင်နှင့် ကြီးမြတ်သော ငါဖြစ်သည့်အရှင်ဖြစ်ကာ၊ ကိုယ်တော်ကို တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိနိုင်ကြသည်။ ကိုယ်တော် ဖြစ်တော်မူသောအရာသည် ကျွန်ုပ်တို့၏လိုအပ်မှုတိုင်းကို ဖြည့်ဆည်းပေး၍၊ ယင်းမှာ ကိုယ်တော်ပြန်ကြွလာခြင်းအတွက် ကိုယ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် ကိုယ်တော်၏အသင်းတော်ကို တည်ဆောက်ခြင်းနှင့် ကိုယ်တော်၏သတို့သမီးအဖြစ် ကိုယ်တော်၏ အသင်းတော်ကို ပြင်ဆင်ခြင်းအတွက် ကိုယ်တော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့အလို့ငှာ ဖြစ်သည် - ၁း၁၂။ တရား၊၈း၉။ က၊ ၁၇း၁။ ဖိ၊၁း၁၉။ ယော၊၈း၅၈။ ဟေဗြဲ၊၁း၆။ မ၊၁၆း၁၈။ ဗျာ၊၁၉း၇-၉။ ၂၁း၂။**